

# AUSCO

## ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

## လေ့ကျင့်ခန်းစာအုပ်





Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM

# မာတိကာ

စတင်အသင့်ပြင်ခြင်း . . . 2

အခန်း 1 ဩစတြေးလျားနိုင်ငံ – ခြုံငုံသုံးသပ်ချက် . . . 3

အခန်း 2 အခြေကျခြင်း . . . 5

အခန်း 3 အိမ်ရာ . . . 7

အခန်း 4 ကျန်းမာရေး . . . 9

အခန်း 5 ငွေကြေး . . . 11

အခန်း 6 ပညာရေး . . . 13

အခန်း 7 အလုပ်အကိုင် . . . 15

အခန်း 8 တရားဥပဒေ . . . 17

အခြေချခြင်းဖြင့် သက်ဆိုင်ရာ ဘဝဇာတ်လမ်းများ . . . 18

အောင်မြင်မှု မှတ်တမ်း . . . 19

# စတင်အသင့်ပြင်ခြင်း

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း (Australian Cultural Orientation Program – AUSCO) မှ လှိုက်လှဲစွာ ကြိုဆိုပါ၏။ ဩစကို (AUSCO) သင်တန်း၏ ရည်ရွယ်ချက်မှာ သင်၏ ဩစတြေးလျား ခရီးစဉ်အတွက် သိကောင်းစရာ အချက်အလက်များအား သင့်ကို ပေးပြီး၊ ဩစတြေးလျားနှင့် စပ်ဆိုင်ရာ သင်၏ မေးခွန်းများကို များနိုင်သမျှများစွာ ဖြေကြားပေးရန်ပင်ဖြစ်ပါသည်။

သင် ဘာသိလိုသည်များကို စူစမ်း၍ အစပြုကြပါစို့။ အောက်ပါဇယားကွက်များအား အသုံးပြု၍ သင့်မေးခွန်းများကို ချရေးပါ။ "ဩစကို" သင်တန်းတက်နေစဉ်အတောအတွင်း သင့်မေးခွန်းနှင့်ဆိုင်ရာ အဖြေတစ်ခုကို သင်ကြားရသည့်အခါတွင်၊ ၎င်းကို ချရေးလိုက်ပါ။ "ဩစကို" သင်တန်းမှ အချက်အလက်များစွာကို ရရှိနိုင်ပြီး၊ ၎င်းတို့အားလုံးကို မှတ်မိရန် ခက်ခဲနိုင်ပါသည်။

အစီအစဉ်၏ အဆုံး၌၊ သင့် မေးခွန်းများအား ပြန်လည်ကြည့်ပြီး သင်လိုအပ်သည့် အဖြေများအားလုံး သင့်ထံ၌ရှိပြီကို စစ်ကြည့်ပါ။ တစ်ခါတစ်ရံ၌ သင် ဩစတြေးလျားသို့ တကယ်တမ်း မရောက်လာသေးမီအထိ သင့်မေးခွန်းများကို ဖြေရန် ခက်ခဲနိုင်ပါသည်။ သင့် "ဩစကို" သင်တန်းအထုပ်ကို သင်နှင့်အတူ ဩစတြေးလျားသို့ ယူဆောင်သွားပါ၊ သို့မှသာ သင့်အတွက် အရေးကြီးသည့် မေးခွန်းများကို သင် ဆက်လက်ရရှိသွားနေမည်ဖြစ်ပါသည်။

## ဩစတြေးလျားနှင့် ဩစတြေးလျား၌ အခြေချခြင်းနှင့် ပတ်သက်ပြီး သင့်မေးခွန်းများက ဘာတွေလဲ။

| မေးခွန်းများ | အဖြေများ |
|---|---|
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |

# အခန်း 1 ဩစတြေးလျားနိုင်ငံ – ခြုံငုံသုံးသပ်ချက်

ဩစတြေးလျားသည် အခွင့်အရေးများနှင့် အတွေ့အကြုံသစ်များဖြင့် ပြည့်နှက်နေသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ ဩစတြေးလျားသည် အလွန်ကြီးမားကျယ်ပြန့်သည့် နိုင်ငံတစ်ခုလည်းဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် ခြောက်ခုမြောက် အကြီးဆုံးဖြစ်ပါသည်။ ၎င်း၏ဆိုလိုရင်းမှာ ဩစတြေးလျား၏ အပိုင်းအခြားတစ်ခုစီအကြား ကွားခြားမှုရှိခြင်းကို ဆိုလိုပါသည်။ ရာသီဉတုအရ ဩစတြေးလျား၏ မြောက်ပိုင်းသည် အပူပိုင်းဒေသဖြစ်ပြီး၊ တောင်ပိုင်း၌ အတော်အတန် အေးမြပါသည်။

ဩစတြေးလျားသည် ကြီးမားသည့်နိုင်ငံတစ်ခုဖြစ်သော်ငြားလည်း၊ လူဦးရေ မထူထပ်ဘဲ 23 သန်းခန့် ရှိပါသည်။ လူအများစုသည် ပင်လယ်ကမ်းခြေတစ်လျှောက် မြို့ကြီးများတွင် နေထိုင်ကြသော်လည်း၊ ကုန်းတွင်းပိုင်း၌ လယ်ယာလုပ် မြို့ငယ်များတွင်လည်းနေကြပါသည်။ ဩစတြေးလျား၏မြို့တော်၊ ကင်ဘရာ သည်လည်း ကုန်းတွင်းပိုင်း၌ တည်ရှိပါသည်။

သင် ဩစတြေးလျား၏ လူနေမှုဘဝသစ်တွင် အခြေကျလာသည်နှင့်အမျှ ဩစတြေးလျား၏ အခြားအရပ်ဒေသများအားလုံးတို့၏အကြောင်းများကို သင် ပိုပြီး သိနားလည်လာပါလိမ့်မည်။ လက်ရှိတွင်မူ၊ သင့်အနေနှင့် သင် ပထမ အခြေချလိမ့်မည့် မြို့အကြောင်းကို သင်စိတ်အဝင်စားဆုံး ဖြစ်ချိမ့်မည်။ သင်၏ သိကောင်းစရာ အချက်အလက်အထုပ်တွင် ဩစတြေးလျား၏ အခြားအရပ်ဒေသများအားလုံးတို့၏အကြောင်းများဆိုင်ရာ လက်ကမ်းစာစောင်များပါရှိပါသည်။

## လုပ်ရန်ကိစ္စ

**ဩစတြေးလျားကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ခြင်း**

အောက်ပါမြေပုံကိုသုံးပြီး သင် ဩစတြေးလျားတွင် ဆိုက်ရောက်ပြီးနောက် မည်သည့်နေရာ၌ သင့်အား အခြေချပေးလိမ့်မည်ကို ပြပါ။ ဩစတြေးလျားနှင့် ယှဉ်ကြည့်လျှင် သင့်ဇာတိနိုင်ငံ မည်မျှကြီးမားပါသလဲ။ ၎င်းကို မြေပုံအပေါ်၌ သင် ရေးဆွဲနိုင်ပါသလား။



သင် ပြောင်းရွှေ့မည့် အရပ်ဒေသသည် သင် လက်ရှိ၌ နေထိုင်နေသည့်နေရာ သို့မဟုတ် သင် ယခင်တုံးက နေထိုင်ခဲ့ဘူးသည့်နေရာနှင့် ဘယ်လိုဘယ်ပုံ တူညီသလဲ သို့မဟုတ် ကွာခြားပါသလဲ။

ရာသီဥတု

လူဦးရေ

စက်မှုလက်မှု လုပ်ငန်းများ

တောတောင်ရေမြေ ရှုခင်း



သြစတြေးလျား ပြည်သူပြည်သားများ သည် နိုင်ငံပေါင်းစုံမှ လာရောက်ခဲ့ကြပါသည်။ သြစတြေးလျား ပြည်သူပြည်သားများ၏ လေးဆယ့်ခြောက် ရာခိုင်နှုန်းသည် ပင်လယ်ရပ်ခြား၌ မွေးဖွားခဲ့ကြသည်၊ သို့မဟုတ် ပင်လယ်ရပ်ခြား၌ မွေးဖွားခဲ့သည့် မိဘတစ်ဦးရှိကြပါသည်။ ၎င်းတို့နှင့်အတူ ခြားနားသော ယဉ်ကျေးမှုများ ပါလာကြပြီး၊ သြစတြေးလျားနိုင်ငံတော်ဥပဒေကို မချိုးဖောက်သမျှ ကာလပတ်လုံး၊ မိမိတို့၏ ယဉ်ကျေးမှုများကို ကျင့်သုံးနိုင်ကြပါသည်။

သင် ကျင့်သားရပြီးသားနှင့်မတူ၊ ကွဲပြားခြားနားသော ဘယ် အပြုအမူများ၊ အလေ့အထများ သို့မဟုတ် ဓလေ့များကို တွေ့ရှိခဲ့ပါသလဲ။

ဤခြားနားချက်များအပေါ် သင် ဘယ်လို သဘောရပါသလဲ။

# အခန်း 2 အခြေကျခြင်း

ဩစတြေးလျားတွင် အမြန်ဆုံးနည်းနှင့် အခြေကျရန်မှာ အလုပ်ရှာပြီး အင်္ဂလိပ်စာသင်ရန်ဖြစ်ပါသည်၊ သို့သော်လည်း သင် နိုင်ငံသစ်တစ်ခုကို ရောက်လာခြင်းကြောင့် ၎င်းအတွက် အချိန်လိုနိုင်ပါသည်။ သင်ရောက်လာသည့်အခါ၌ သင့်ဘဝသစ်တွင် ကိုက်ညှိနေထိုင်ရေးကို အထောက်အကူပြုရန် အစိုးရက သင့်အား အချို့အရေးကြီးသော အထောက်အပံ့များကို ပေးနိုင်ဖွယ်ရှိပါမည်။

အမှုတွဲလုပ်သား သို့မဟုတ် အဆိုပြုသူ တစ်ဦးသည် ဤဝန်ဆောင်မှုများအား ရယူရန် သင့်အား ကူညီပေးပါလိမ့်မည်။

## လုပ်ကိုင်ရန်ကိစ္စ

ဤအကြောင်းအရာကို စတင်၍ မပြောမီ၊ ဩစတြေးလျားတွင် ဆိုက်ရောက်လာပြီးနောက် မည်သည့်ဝန်ဆောင်မှုများကို သင်ရရှိလိမ့်မည်ဟူသော သင့်ထင်မြင်ချက်ကို မှတ်သားထားပါ။ ထင်မြင်ချက်တစ်ခုစီအတွက် ၎င်းကို သင် မည်သည့်နေရာမှ ရရှိသည်ကိုလည်း မှတ်သားထားပါ။

အကြောင်းအရာ၏အဆုံး၌ သင်၏ မှတ်သားချက်များကို ပြင်ဆင်ရန် လို၊ မလို ကို ပြန်လည်သုံးသပ်ကြပါမည်။

| ကျွန်ုပ် ဩစတြေးလျားတွင် ရောက်ရှိလာသည့်အခါ၌ ကျွန်ုပ်၏ အထောက်အပံ့ကိုရရှိလိမ့်မည်ဟု ထင်ပါသည် | သင် ဤအချက်အလက်ကို မည်သည့်နေရာမှ ရရှိသလဲ | သင် မှန်ခဲ့သလား |
|---|---|---|
| လေဆိပ်၌ | | |
| အိမ်ရာ | | |
| ငွေကြေး | | |
| ပညာရေး | | |
| ကျန်းမာရေး | | |
| အိမ်သုံးပစ္စည်းများ | | |
| ထောက်ပံ့ကြေးများ | | |
| အစားအစာ | | |
| အလုပ်အကိုင် | | |
| ကလေးထိန်း | | |

## လုပ်ကိုင်ရန်ကိစ္စ

ဝန်ဆောင်မှုကို ဝန်ဆောင်မှုပေးသူနှင့် သင် တွဲဖက်ပေးနိုင်ပါသလား

| | |
|---|---|
| **Caseworker** | ကလေးထိန်း နှင့် နေထိုင်စရိတ် ထောက်ပံ့ကြေး ပေးငွေများ |
| **Centrelink** | အင်္ဂလိပ်စာသင်ကြားရန် သင်တန်းများ |
| **Medicare** | ဘာသာစကားပေါင်းစုံဖြင့် စာအုပ်များ၊ သတင်းစာများနှင့် မဂ္ဂဇင်းများကို ငှားရမ်းနိုင်ပါသည် |
| **Adult Migrant English Program (AMEP)** | သင့်အား အခြေကျရေး နှင့် ဝန်ဆောင်မှုများ ရယူနိုင်ရေးတို့ကို ကူညီပေးမည့်သူ |
| **Translating and Interpreting Service (TIS National)** | ဆေးကုသ ကုန်ကျစရိတ်များအတွက် အထောက်အပံ့ပေးပါသည် |
| **Special Broadcasting Service (SBS)** | အချက်အလက်များကို ဘာသာပြန်ပေးသဖြင့် သင့်ဘာသာစကားနှင့် ကြားနိုင်ပါသည် |
| **Public library** | ဘာသာစကားပေါင်းများစွာဖြင့် ရေဒီယို နှင့် ရုပ်မြင်သံကြား |

# အခန်း 3 အိမ်ရာ

ဩစတြေးလျားတွင် နေရာထိုင်ခင်း ပုံစံမျိုးစုံ အပြောက်အမြားရှိပါသည်။ မြို့ကြီးများတွင်ရှိသော အိမ်ရာများသည် ဆင်ခြေဖုံးများ၊ ဒေသန္တရမြို့များတို့နှင့် ကွာခြားကြပါသည်။ အိမ်များသည် သင့်ကိုယ်ပိုင်အတွေ့အကြုံများအရ သိရှိထားခြင်းနှင့် ကွာခြားနိုင်ဖွယ်ရှိပါလိမ့်မည်။

ဩစတြေးလျားတွင် အိမ်ငှားရန် နှင့် ဝယ်ရန် အလွန်စျေးကြီးသည်။ သင် ရောက်လာခါစတွင် အိမ်ငှားရန် လိုအပ်ပါလိမ့်မည်။

## လုပ်ကိုင်ရန်ကိစ္စ

သင် လက်ရှိ၌ နေထိုင်နေသည့်နေရာကို ဩစတြေးလျားတွင် သင်သွားရောက် နေထိုင်နိုင်ကောင်းမည့်နေရာနှင့် နှိုင်းယှဉ်ကြည့်ကြပါစို့။ တတိယဇယားကွက်သည် သင် ဩစတြေးလျားသို့ ရောက်သည့်အခါ၌ သင် ဖြည့်စွက်ရန်အတွက်ဖြစ်ပါသည်။

<table>
<tr><th>ယခု</th><th>ယခု</th><th>၂ လ ကြာပြီးနောက်</th></tr>
<tr><td>သင်လက်ရှိ နေထိုင်သည့်နေရာတွင် နေရာထိုင်ခင်းဖိုး ဘယ်လောက်ပေးရပါသလဲ</td><td>ဩစတြေးလျားတွင် နေရာထိုင်ခင်းဖိုး ဘယ်လောက်ပေးရလိမ့်မည်ဟု သင် ထင်ပါသလဲ</td><td>သင် ဘယ်လောက်ပေးရပါသလဲ</td></tr>
<tr><td>သင်လက်ရှိ နေထိုင်သည့်နေရာတွင် အခန်း ဘယ်နှစ်ခုရှိပါသလဲ</td><td>ဩစတြေးလျားတွင် သင့်နေရာထိုင်ခင်း၌ အခန်း ဘယ်နှစ်ခုရှိလိမ့်မည်ဟု သင် ထင်ပါသလဲ</td><td>သင့်မှာ အခန်းပေါင်း ဘယ်နှစ်ခုရှိပါသလဲ</td></tr>
<tr><td>သင်လက်ရှိ နေထိုင်သည့်နေရာတွင် ဘာ အသုံးဆောင်ပစ္စည်းများရှိပါသလဲ</td><td>ဩစတြေးလျားတွင် သင့်နေရာထိုင်ခင်း၌ ဘာ အသုံးအဆောင်ပစ္စည်းများရှိ လိမ့်မည်ဟု သင် ထင်ပါသလဲ</td><td>သင့်မှာ ဘာ အသုံးအဆောင်ပစ္စည်းများရှိပါသလဲ</td></tr>
<tr><td colspan="2">သင် နောင်တွင် နေမည့်နေရာသည် လက်ရှိနေရာနှင့်စာလျှင်၊ ပိုကောင်းလိမ့်မည်၊ အတူတူဘဲဖြစ်လိမ့်မည်၊ သို့မဟုတ် ပိုဆိုးလိမ့်မည်ဟု မျှော်လင့်ထားသလား။ ဘယ်လိုပုံစံတွေအရ ဖြစ် မည်ဟုထင်ပါသလဲ။</td><td>သင်၏ ဩစတြေးလျား နေရာထိုင်ခင်းသည် သင့်မျှော်မှန်းချက်များအား ဖြည့်ဆည်းပေးခဲ့ပါသလား</td></tr>
</table>

## လုပ်ကိုင်ရန်ကိစ္စ

အိမ်ငှားသည့် လုပ်ငန်းစဉ်အပေါ်တွင် သင်လုပ်နိုင်စွမ်းရှိသည်ဟူသော ခံစားချက်ရှိရန် အထောက်အကူပြုရေးအတွက် သင်သည် အချို့အရေးကြီးသည့် တရားဥပဒေဆိုင်ရာ စကားလုံးများကို တတ်သိထားသင့်ပါသည်။ ဤအဓိက စကားလုံးများကို သင့်ဘာသာစကားဖြင့် ဘာသာပြန်ထားပါ၊ သို့အားဖြင့် သင် ဩစတြေးလျားတွင် ရောက်လာသည့်အခါ၌ သင့်မှာ အသုံးဝင်မည့် မှီငြမ်းစာရင်းတစ်ခု ရှိပါလိမ့်မည်။ အိမ်ရာနှင့် သက်ဆိုင်သည့် သိကောင်းစရာအချက်အလက်များ လက်ကမ်းစာစောင်၌ လမ်းစအချို့ကို သင်ရရှိပါလိမ့်မည်။

| | |
|---|---|
| Lease | |
| Landlord | |
| Tenant | |
| Real estate agent | |
| Bond | |
| Utilities | |
| Condition report | |
| Inspection | |
| Accommodation | |

# အခန်း 4 ကျန်းမာရေး

ဩစတြေးလျားတွင် ကောင်းမွန်သော ကျန်မာရေးပြုစုစောင့်ရှောက်မှုစနစ်ရှိပြီး၊ ၎င်းအား သင် အကျွမ်းဝင်နေသည့်စနစ်နှင့် မတူသည့် နည်းပုံစံများဖြင့် စီမံဆောင်ရွက်ပေးနေနိုင်ဖွယ်ရှိပါသည်။

သင့်အား မယ်ဒီကဲ ဟုခေါ်သော စနစ်အရ အခမဲ့ သို့မဟုတ် ငွေ တစ်စိတ်တစ်ဒေသ စိုက်ပေးမှုဖြင့် အခြေခံ ကျန်မာရေးပြုစုစောင့်ရှောက်မှုကို ရရှိလိမ့်မည်ဖြစ်သော်လည်း သွားဆရာဝန် နှင့် မျက်မှန် တို့ကဲ့သို့ အချို့သော ဝန်ဆောင်မှုများမှာမူ အခမဲ့ မဟုတ်ပါ။

သင်၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲအများစုအတွက် သင်သည် အထွေထွေကု အတတ်ပညာရှင် ဆရာဝန် (General Practitioner – GP) ထံသို့ သွားပြရပါလိမ့်မည်။ အကယ်၍သင်၏ အခက်အခဲများအတွက် နောက်ထပ် အထူး ဂရုစိုက်မှုလိုအပ်လျှင်၊ ဆရာဝန်သည် သင့်အား အထူးကု ထံသို့ လွှဲပြောင်းရည်ညွှန်းပေးပါလိမ့်မည်။

သင် ဆရာဝန်တစ်ဦးအား သွားပြသည့်အခါ၌၊ မည်သည့်ကိစ္စများမှာ အဆင့်ဆင့်ဖြစ်ကောင်းဖြစ်နိုင်မည်ကို ဖော်ပြသည့် အဆင့်ပြဇယား ဤနေရာတွင်ရှိပါသည်။

ဖော်ပြထားသည့် လုပ်ကိုင်ရန် အဆင့်များကို လိုက်နာပြီး၊ သင် ဆရာဝန်နှင့် တွေ့ဆုံသည့်အခါ၌ ကြုံတွေ့ရသော လက်တွေ့ ကွာခြားချက်များကို ဖော်ထုတ်သိရှိပါ။

သင် နာမကျန်းဖြစ်ပြီဟု ထင်လျှင်၊ သို့မဟုတ် သင့်ထံ၌ ကျန်းမာရေးပိုင်းဆိုင်ရာ စိတ်ပူပန်မှု တစ်ခုခုရှိလျှင်၊ သင့်အနေနှင့် ပထမလုပ်ရမည့်အဆင့်မှာ သင့်ဆရာဝန်အား သွားတွေ့ရန်ဖြစ်ပါသည်။

## ရက်ချိန်းယူရန် သင့် အထွေထွေကုဆရာဝန်အား ဖုန်းဆက်ပါ။

အထွေထွေရောဂါကုဆရာဝန်သည် အများအားဖြင့် သင့် ရောဂါဒုက္ခကို ကုသပေးနိုင်ပါသည် သို့မဟုတ် သင်၏ ပူပန်နေမှုကို ကူညီဖြေကြားပေးနိုင်ပါသည်။ ဆရာဝန်သည် အချို့ဆေးကို ဝယ်ရန် သင့်အား ဆေးညွှန်းစာ ပေးကောင်းပေးပါလိမ့်မည်။

↓

ဆေးညွှန်းစာကို ဆေးဆိုင်သို့ ယူသွားပါ။ ဆေးဆိုင်မှ သင့်ဆေးဝါးကို စီစဉ်ပေးနိုင်ရန် သင် 15 မိနစ်သာသာ စောင့်ရပါလိမ့်မည်။

သင့် ဆေးသောက်နည်းအညွှန်းကို ဆေးပုလင်း သို့မဟုတ် ဘူးအပေါ်တွင် ပုံနှိပ် ကပ်ထားပေးပါလိမ့်မည်။

---

အကယ်၍ ဆရာဝန်သည် သင့် နာမကျန်းမှုနှင့် ပတ်သက်ပြီး နောက်ထပ်အကြောင်းအချက်များကို သိလိုပါက၊ သွေးကို စုဆောင်းပြီး စစ်ရန်အတွက်၊ သင့်အား ရောဂါဗေဒဌာန ဆေးခန်းသို့ သွားခိုင်းပါလိမ့်မည်။ ဆရာဝန်သည် ရောဂါဗေဒဌာန ဆေးခန်းသို့ ပေးအပ်ရန် သင့်အား ရည်ညွှန်းပေးစာတစ်စောင် ပေးပါလိမ့်မည်။

↓

သင့်အတွက် ရည်ညွှန်းပေးစာကို ရောဂါဗေဒဌာန ဆေးခန်း၌ ပေးအပ်ပြီး စစ်ဆေးမှုများကို ပြုလုပ်ပါ။

ရောဂါဗေဒဌာန ဆေးခန်းသည် သင်၏ စစ်ဆေးမှုရလဒ်ကို သင့်ဆရာဝန်ထံသို့ ပို့ပေးပါလိမ့်မည်။

↓

သင့် ရလဒ်များအပေါ် မူတည်၍ သင့်အနေနှင့် ဆရာဝန်ထံနှင့် ပြန်တွေ့ရန် လိုအပ်ဖွယ်ရှိနိုင်ပါသည်။

---

ဆရာဝန်က သင့်ကို မကုသပေးနိုင်လျှင်၊ သူမ သို့မဟုတ် သူသည် သင့်အား အထူးကုဆရာဝန် တစ်ဦးထံသို့ လွှဲပြောင်းရည်ညွှန်းပေးကောင်းပေးနိုင်ပါသည်။ သင့်ဆရာဝန်က သင့်အား လွှဲပြောင်းရည်ညွှန်းပေးစာတစ်စောင ပေးပါလိမ့်မည်။

↓

ရက်ချိန်းယူရန် အထူးကုဆရာဝန်အား ဖုန်းဆက်ပြီး၊ ၎င်း လွှဲပြောင်းရည်ညွှန်းပေးစာကို သင်နှင့်အတူ ယူဆောင်သွားပါ။

# လုပ်ကိုင်ရန်ကိစ္စ

ဤ ကျန်းမာရေးနှင့် စပ်ဆိုင်ရာ အဓိက အသုံးအနှုန်းများကို သင့်ဘာသာစကားနှင့် ရေးပါ။

| | |
|---|---|
| အထွေထွေကု အတတ်ပညာရှင် / ဆရာဝန် | |
| ကျန်းမာရေးပြုစုစောင့်ရှောက်မှု စနစ် | |
| အထူးကုဆရာဝန် | |
| ဆေးဆိုင် | |
| ဆေးညွှန်းပေးစာ | |
| ဆေးရုံ | |
| အရေးပေါ် | |
| သွားဆရာဝန် | |
| ရက်ချိန်း | |
| ဆေး | |

# အခန်း 5 ငွေကြေး

ဩစတြေးလျား၌ သင်၏ ပထမဦးဆုံး အလုပ်မှာ ဘဏ်စာရင်းတစ်ခုကို ဖွင့်ပြီး၊ စင်တာလင့်ခ် မှ ယာယီအတွက် ငွေရေးကြေးရေး အကူအညီရရန် စီစဉ်ခြင်းဖြစ်ပါသည်။ ထို့နောက်တွင်မူ သင်သည် ဩစတြေးလျားငွေ (ဒေါ်လာ နှင့် စင့်) များကို ကိုင်တွယ်တတ်လာ၍ သင့်ဝင်ငွေအား မည်ကဲ့သို့ စီမံခန့်ခွဲရသည့် ဆုံးဖြတ်ချက်များကို ချတတ်လာလိမ့်မည်ဖြစ်ပါသည်။

## လုပ်ကိုင်ရန်ကိစ္စ

ဘဏ်လုပ်ငန်း နှင့် ဩစတြေးလျားငွေ တို့နှင့် စပ်ဆိုင်ရာ အချို့အင်္ဂလိပ်စကားလုံးများကို သင်ယူပါ။ ဤသုံးလေ့သုံ့ထရှိသည့် ဘဏ်လုပ်ငန်းဆိုင်ရာ အသုံးအနှုန်းများ၏ အင်္ဂလိပ်စကားလုံးများကို ရှာပါ။ ငွေကြေးဆိုင်ရာ သိကောင်းစရာအချက်အလက်များ လက်ကမ်းစာစောင်၌ လမ်းစအချို့ကို သင်ရရှိပါလိမ့်မည်။

| | |
|---|---|
| ဤဘဏ်စာရင်းသည် သင့်ငွေ အခိုးမခံရရန် သို့မဟုတ် မပျောက်ဆုံးရန် ကာကွယ်ပေးပါသည်။ | |
| အလိုအလျောက် ငွေထုတ်ငွေသွင်း စက် (အေတီအမ်) (Automatic Teller Machine – ATM) နှင့် အဲဖ်-ပေါ့စ် (EFTPOS) အရ ဝယ်ခြမ်းမှုများတို့အတွက် စကားဝှက်။ ဤစကားဝှက်ကို လူတစ်မ်းများမှ လုံခြုံအောင် ကာကွယ်ထားရန် အရေးကြီးပါသည်။ | |
| သင့်အား ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများကို ချေးငွေဖြင့် ပေးချေနိုင်ခွင့်ကိုပေးသော ကတ်ပြားဖြစ်သည်။ | |
| သင်၏ ကိုယ်ပိုင် သက်သေခံ နံပါတ် ပင် (Personal Identification Number - PIN) ကိုသုံးပြီး သင့်ဘဏ်စာရင်းမှ ငွေထုတ်ယူခွင့်ပေးသည့် စက်။ | |
| ကတ်ပြားသုံးကြသူများအား လက်လီအရောင်းဆိုင် အများစု၌ ငွေသားအစား မိမိတို့၏ ATM ကတ်ပြားဖြင့် ဝယ်ခြမ်းနိုင်ခွင့်ပေးပါသည်။ | |

## ဩစတြေးလျား တိုင်းပြည်သုံးငွေ

ဩစတြေးလျား ငွေစက္ကူ $5.00 ဒေါ်လာ တန် ၏ ရှေ့မျက်နှာစာတွင် မည်သူ့ ပုံရိပ်ပါသလဲ။ ____________________




ဩစတြေးလျား ငွေအကြွေ $1.00 ဒေါ်လာ တန် အပေါ်၌ ပါရှိသော တိရစ္ဆာန်များ၏ အမည်များကို ဖော်ပြပါ။ ____________________



သင်၏ အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူသည် ဩစတြေးလျားတွင် အခြေကျရန် သင့်အား ကူညီလိမ့်မည်ဖြစ်သော်လည်း၊ သင်၏ အနာဂတ် လိုအပ်ချက်များနှင့် စိတ်ကူးယဉ်အိပ်မက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် သင့်ဝင်ငွေအား မည်သို့ စီမံခန့်ခွဲရမည်ကို သင် တာဝန်ယူရပါလိမ့်မည်။ ဩစတြေးလျားတွင် နေထိုင်စားသောက်စရိတ် မြင့်မားနိုင်ပြီး၊ သင့်၏ လက်ငင်းလိုအပ်ချက်များနှင့် အနာဂတ်အတွက် ကြိုတင်စီစဉ်မှုများအား ဖြည့်ဆည်းပေးနိုင်ရန် ရငွေ၊ သုံးငွေကို တွက်ချက် လျာထားပြီး ၎င်း၏ဘောင်အတွင်း နေထိုင်ခြင်းက သင့်အား အထောက်အကူပြုပါလိမ့်မည်။

သင် ဩစတြေးလျားတွင် ပထမ စရောက်လာသည့်အခါ၌ သင် ဘာကို ဝယ်ခြမ်းလိုမည်ဟု ထင်ပါသလဲ။

---

---

---

## လုပ်ကိုင်ရန်ကိစ္စ

### ရငွေ၊ သုံးငွေကို တွက်ချက် လျာထားခြင်း

ရငွေ၊ သုံးငွေကို တွက်ချက် လျာထားရေးအား စဉ်းစားနိုင်ရာ နည်းလမ်းတစ်ခုရှိပါသည်။ အပိုင်းကဏ္ဍတစ်ခုစီ၌ အကြောင်းအချက်အနည်းငယ်ကို စာရင်းလုပ်ပါ။ နှစ်လကြာပြီးနောက် ကွာခြားကောင်းကွာခြားနိုင်သဖြင့် သင့်အိမ်အသစ်တွင် အခြေကျသည်နှင့် တပြိုင်နက် နောက်တစ်ခေါက် ထပ်ပြီး စမ်းလုပ်ကြည့်ပါ။

| ယခု | ၂ လ တွင် |
|---|---|
| **မပြောင်းလဲသော အသုံးစရိတ်များ** – ဤအသုံးစရိတ်များမှာ သင်မပေးမဖြစ် ပေးရမည် ဖြစ်ပါသည်၊ သို့မဟုတ်ပါက သင် သို့မဟုတ် သင့်မိသားစုအတွက် ပြဿနာများ ပေါ်ပေါက်စေနိုင်ပါသည်။<br>•<br>•<br>•<br>• | |
| **ပြောင်းလဲသော အသုံးစရိတ်များ** – ဤအသုံးစရိတ်များအပေါ် သင့်ထိန်းချုပ်မှု အချို့အဝက် ရှိပါသည်။ သင်သည် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လိုအပ်သော်လည်း၊ ပစ္စည်း မည်မျှဝယ်မည် သို့မဟုတ် ဝန်ဆောင်မှုအား  မည်မျှအသုံးပြုမည်ကို သင် ဆုံးဖြတ်နိုင်ပါသည်။<br>•<br>•<br>•<br>• | |
| **အပိုအသုံးစရိတ်များ** – ဤအသုံးစရိတ်များအပေါ် သင့်ထိန်းချုပ်မှု လုံးဝရှိပါသည်။ ၎င်းတို့အား သင် ဝယ်ခြမ်းရန် မလိုသော်လည်း၊ လိုချင်စိတ် ရှိနိုင်ပါသည်။<br>•<br>•<br>•<br>• | |

# အခန်း 6 ပညာရေး

ဩစတြေးလျားတွင်ရှိသော သင့်အိမ်အသစ်သို့ ပြောင်းရွှေ့ရန် သင် စီစဉ်နေသည်နှင့်အမျှ၊ သင့်ဘဝကို ကျောင်းလိမ့်မည့် ပုံစံမျိုးအကြောင်း၊ သင့်ထံ၌ ရှိနိုင်ဖွယ် အလုပ်ပုံစံမျိုးအကြောင်း သို့မဟုတ် သင့်မိသားစုသည် လူမှုအသိုင်းအဝိုင်းသစ်၌ မည်ကဲ့သို့ အခြေကျလိမ့်မည့်အကြောင်းတို့ကို သင်တွေးဆနေနိုင်ဖွယ်ရှိပေမည်။ အင်္ဂလိပ်စာကို လေ့လာသင်ကြားရန် သင့် ပုဂ္ဂိုလ်ရေးပိုင်းအရ တာဝန်ခံယူမှုနှင့် ပညာသင်ကြားနိုင်သည့် အခွင့်အခါများအပေါ် အခွင့်အရေးယူခြင်းတို့က သင် ဩစတြေးလျား၌ အခြေကျရေးတွင် အထောက်အကူပြုပါလိမ့်မည်။

## လုပ်ကိုင်ရန်ကိစ္စ

ကျောင်းပညာရေးဆိုင်ရာ သိကောင်းစရာအချက်အလက်များ လက်ကမ်းစာစောင်က သင့်အား လမ်းစအချို့ကို ပေးပါလိမ့်မည်။

### ဩစတြေးလျား ကျောင်းပညာရေး ဖွဲ့စည်းထားပုံ

| အဆင့် | အသက် (ခန့်မှန်းခြေ) | အတန်း |
|---|---|---|
| မူကြိုကျောင်း | 3-5 | မသက်ဆိုင်ပါ |
| သူငယ်တန်း | 5-6 | မသက်ဆိုင်ပါ |
| မူလတန်း ကျောင်း | 6-12 | 1-6 |
| အထက်တန်းကျောင်း/အလယ်တန်းကျောင်း | 12-18 | 7-12 |
| **မှတ်ချက်။** အချို့ပြည်နယ်များ၏ မူလတန်းကျောင်းသည် 7 တန်းနှစ်တွင် အဆုံးသတ်ပြီး၊ အထက်တန်းကျောင်းသည် 8 တန်းနှစ်တွင် စတင်ပါသည်။ နောက်ထပ်အချက်အလက်များအတွက် သင့်အား အဆိုပြုသူ သို့မဟုတ် သင့်အမှုတွဲလုပ်သားအား မေးမြန်းပါ။ | | |

ဩစတြေးလျားနိုင်ငံ ပညာရေးစနစ်သည် သင် လက်ရှိ၌ နေထိုင်နေသည့်နေရာ သို့မဟုတ် သင် ယခင်က နေထိုင်ခဲ့ဘူးသည့်နေရာနှင့် ဘယ်နည်းဘယ်ပုံစံ တူညီသလဲ သို့မဟုတ် ကွာခြားပါသလား။

ကလေးများအတွက် အခမဲ့ အစိုးရထောက်ပံ့သည့် ပညာရေးစနစ်

________________________________________

________________________________________

လေးနှစ်အရွယ်ကလေးများအတွက် မူကြိုကျောင်း

________________________________________

________________________________________

အသက် ငါး နှစ် မှ 17 နှစ် အရွယ် ကလေးများအတွက် မသင်မနေရ ပညာရေးစနစ်

________________________________________

________________________________________

မိန်းကလေး နှင့် ယောက်ျားလေးများ ကျောင်းသို့ အတူတူ ရောတက်ရခြင်း

________________________________________

________________________________________

ကျောင်းအခမ်းအနားများနှင့် မိမိတို့ ကလေးများ၏ ပညာ သင်ကြားရေးတွင် မိဘများ ပါဝင်ဆင်နွှဲကြရန် ကျောင်းအနေနှင့် မျှော်မှန်းခြင်း

________________________________________

________________________________________

ဩစတြေးလျားတွင် ပညာရေး နှင့် အလုပ်အကိုင်ရရန် အခွင့်အရေးများအကြား နီးကပ်သည့် ကွင်းဆက်ရှိ ကြပါသည်။ သင် ဩစတြေးလျား၌ နေထိုင်ရန် အသင့်ပြင်နေသည်နှင့်အမျှ သင့်ပညာရေး လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဘာ အစီအစဉ်တွေရှိပါသလဲ။

## လုပ်ကိုင်ရန်ကိစ္စ

**သင့် အနာဂတ်တွင် ပညာသင်ကြားရေး နှင့် အလုပ်အကိုင်တို့အတွက် ကြိုတင်စီစဉ်ခြင်း**

ဤအလုပ်ကိစ္စနှင့်ပတ်သက်ပြီး သက်ကြီး ပညာရေးဆိုင်ရာ အချက်အလက် လက်ကမ်းစာစောင်က သင့်အား အထောက်အကူပြုပါလိမ့်မည်။

ဤဝန်ဆောင်မှုများက သင့်အတွက် ဘယ်လောက်အရေးကြီးပါသလဲ။

| ဝန်ဆောင်မှု | အလွန် အရေးကြီးပါသည် | အနည်းငယ် အရေးကြီးပါသည် | သိတ်အရေးမကြီးပါ |
|---|---|---|---|
| သက်ကြီး ပြောင်းရွှေ့အခြေချလာသူအတွက် အင်္ဂလိပ်စာ အစီအစဉ် (AMEP) သင်တန်းကို တက်ရောက်ခြင်း | | | |
| စက်မှုလက်မှုအတတ်ပညာ နှင့် ရှေ့ဆက်ပညာသင်ကြားရေး (Technical and Further Education - TAFE) ကောလိပ်၌ အထက်တန်းကျောင်း အောင်လက်မှတ်ကို ရယူခြင်း | | | |
| စက်မှုလက်မှုအတတ်ပညာ နှင့် ရှေ့ဆက်ပညာသင်ကြားရေးဌာန ၌ လက်မှုပညာ သို့မဟုတ် ကျွမ်းကျင်မှုများသင်တန်းကို ပြီးဆုံးအောင် တက်ရောက်ခြင်း | | | |
| ဘွဲ့ကြိုသင်တန်း၌ အမည်စာရင်းပေးခြင်း | | | |
| ဘွဲ့လွန်သင်တန်း၌ အမည်စာရင်းပေးခြင်း | | | |
| လူမှုအဖွဲ့အစည်း ပညာရေးသင်တန်းကို တက်ရောက်ခြင်း | | | |

သင်၏ အမှုတွဲလုပ်သား သို့မဟုတ် ဝန်ဆောင်မှုပေးသူ က သက်ကြီး ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရယူရန် သင့်အား ကူညီနေခိုက်၊ ဤလုပ်ငန်းစဉ်ကို အထောက်အကူပြုပေးရန် သင် ဘာအစီအစဉ်များကို လုပ်နိုင်ပါသလဲ။ သင်နှင့်အတူ ဘယ်စာရွက်စာတမ်းများကို သင် ယူဆောင်လာရန်လိုအပ်ပါသလဲ။

- 
- 
- 
- 
- 

သင် ဩစတြေးလျားသို့ ရောက်ရှိလာသည့်အခါ၌ ပညာရေးနှင့် ပတ်သက်သည့် ဘယ် နောက်ဆက်တွဲမေးခွန်းများကို သင် မေးမြန်းလိုပါသလဲ။

- 
- 
- 
- 
- 

# အခန်း 7 အလုပ်အကိုင်

ဩစတြေးလျား၌ အလုပ်အကိုင်လောကတွင် အများနှင့် ယှဉ်ပြိုင်ရသည့် သဘောသဘာဝရှိပြီး၊ ထိုက်တန်မှုအပေါ် မူတည်၍ သက်ဆိုင်ရာ အတွေ့အကြုံနှင့် အရည်အချင်းများရှိကြသူများအား အလုပ်ခန့်ပါသည်။ အင်္ဂလိပ်စကား ကျွမ်းကျင်ကြမှုကို အလွန်တန်ဖိုးထားပါသည်။ လက်မှုပညာ အလုပ်သမားများ နှင့် အတတ်ပညာရှင်များ အမြောက်အမြားသည် အင်္ဂလိပ်စာသင်ယူပြီးနောက် မိမိတို့၏ အရည်အချင်းများအား အသိအမှတ်မပြုမချင်း သို့မဟုတ် အဆင့်မမြှင့်မချင်း ကျွမ်းကျင်မှုမဲ့ အလုပ်အကိုင်မျိုးများကို လုပ်ရခြင်းအားဖြင့် အချိန်ကုန်နိုင်ဖွယ်ရှိပါသည်။ **မမေ့ပါနှင့်။** ဤကိစ္စအတွက်အချိန်လိုပြီး အင်္ဂလိပ်စာသင်ယူရန်၊ အလုပ်အကိုင်ရှာဖွေရန် နှင့် လေ့ကျင့်ရေး သင်တန်းများတက်ရန်တို့အတွက် လူများအား ကူညီပေးသည့် အစိုးရ၏ ဝန်ဆောင်မှုများရှိပါသည်။

## လုပ်ကိုင်ရန်ကိစ္စ

ဤလုပ်ကိုင်ရန်ကိစ္စနှင့်ပတ်သက်ပြီး အလုပ်အကိုင်ဆိုင်ရာ အချက်အလက် လက်ကမ်းစာစောင်က သင့်အား အထောက်အကူပြုပါလိမ့်မည်။

ဖော်ပြချက်ကို ဖတ်ပြီး ၎င်းမှာ မှန်ကန်သည်၊ မမှန်ကန်ပါ ဟု သတ်မှတ်ဖော်ပြပါ။

| | | |
|---|---|---|
| 1. အလုပ်ရှာတွေ့ရန် ကျွန်ုပ်အား  ဂျော့ဘ်-အက်က်-တစ်ဗ် မှ ကူညီနိုင်သည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 2. ကျွန်ုပ် ဩစတြေးလျားရောက်သည့်အခါ၌ ဝင်ငွေ အထောက်အပံ့ ရရှိလိမ့်မည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 3. ကျွန်ုပ်၏ အမှုတွဲလုပ်သားသည် ကျွန်ုပ်အား မဖြစ်မနေ အလုပ်ရှာပေးရမည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 4. အလုပ်အကိုင်ရရန် အင်္ဂလိပ်စကား ကျွမ်းကျင်မှုမှာ အရေးကြီးသည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 5. စိတ်စေတနာဖြင့် အလုပ်လုပ်ကြသူများ လုပ်ခရကြသည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 6. သင် ဩစတြေးလျားတွင် အခွန်ငွေပေးရန် မလိုအပ်ပါ | မှန်ကန်သည် | မမှန်ကန်ပါ |
| 7. အလုပ်ခွင်တွင် အမျိုးသား နှင့် အမျိုးသမီးများအား တန်းတူညီမျှ ဆက်ဆံသည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 8. သင် အလုပ်ရသည်နှင့်တပြိုင်နက် စင်တာလင့်ခ် အား မလုပ်မဖြစ် အကြောင်းကြားရမည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 9. အလုပ်သို့ အချိန်မီရောက်ရခြင်းမှာ အရေးကြီးသည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 10. ကလေးငယ်များ ကျောင်းမတက်ဘဲ ၎င်းအစား အလုပ်လုပ်နိုင်သည် | မှန်ကန်သည် | မမှန်ကန်ပါ |

## လုပ်ကိုင်ရန်ကိစ္စ

**အင်္ဂလိပ်စကားလုံး အချို့ကို သင်ယူပါ**

ဩစတြေးလျားတွင် အလုပ်အကိုင်နှင့် ပတ်သက်ပြီး အချို့သော လိုအပ်ချက်များ သို့မဟုတ် မျှော်လင့်ချက်များအား သင်နားလည်သဘောပေါက်ရေးကို အထောက်အကူပြုရန်အတွက် သင့်အနေနှင့် စကားလုံးများအချို့ကို လေ့လာသင်ယူထားသင့်ပါသည်။ ဤအဓိကစကားလုံးများကို သင့်ဘာသာစကားအဖြစ်သို့ ဘာသာပြန်ထားပါ၊ သို့အားဖြင့် သင် ဩစတြေးလျားတွင် ရောက်လာသည့်အခါ၌ သင့်ထံ၌ အသုံးဝင်မည့် မှီငြမ်းစာရင်းတစ်ခု ရှိပါလိမ့်မည်။

Tax File Number

Bank account

Work experience

Interview

Reference

Qualifications

Volunteer

## လုပ်ကိုင်ရန်ကိစ္စ

### သြစတြေးလျားတွင် အလုပ်ရရန် ကြိုတင်စီစဉ်ခြင်း

သြစတြေးလျားတွင် သင် မည်သည့်အလုပ်အကိုင် ပုံစံမျိုး လုပ်လိုသလဲ

---

ဤအလုပ်အား မည်ကဲ့သို့ အောင်မြင်စွာရရှိရေးကို ကြိုတင်စီစဉ်ပါ

| ကျွန်ုပ်မှာ ဤအချက်အလက်များနှင့် ပြည့်စုံမှုရှိသလား | ဟုတ်သည် | မဟုတ်ပါ |
|---|---|---|
| အင်္ဂလိပ် ဘာသာစကား ကျွမ်းကျင်မှု | | |
| ဤအလုပ်အကိုင်မျိုးအတွက် အရည်အချင်းများ | | |
| ဤအလုပ်အကိုင်နယ်ပယ်တွင် အတွေ့အကြုံ | | |
| မိမိအား ထောက်ခံပေးမည့်သူများ | | |
| ကိုယ်ရေးအကျဉ်း | | |
| လူတွေ့မေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ | | |
| အခက်အခဲများ နှင့် ဆုတ်ဆိုင်းမှုများအား လိုလိုလားလား လက်ခံနိုင်စိတ် | | |
| ဤအလုပ်ကို မည်ကဲ့သို့ အောင်မြင်စွာရရှိနိုင်မည့် သိကောင်းစရာအချက်အလက်များ | | |

သြစတြေးလျား၌ သင် နောက်ဆက်တွဲ လုပ်လိုရာများနှင့် ပတ်သက်ပြီး မှတ်စုများကို ရေးထားပါ။

# အခန်း 8 တရားဥပဒေ

မိမိတို့၏ သက်ဝင်ယုံကြည်မှုများနှင့် ယဉ်ကျေးမှုတို့သည် လူများအား လောကကြီးအပေါ်ထားရှိသည့် ရှုမြင်ချက် နှင့် ပြန်လှန်ဆက်ဆံမှု ဆိုင်ရာနည်းလမ်းကို ဖန်တီးပေးသည်။ သင် ဩစတြေးလျား၌ အခြေကျလာသည်နှင့်အမျှ ကွဲပြားခြားနားသည့် နေထိုင်ပုံ နှင့် ယုံကြည်မှုများကို ရင်ဆိုင်တွေ့ဆုံရပါလိမ့်မည်။ ၎င်းသည် အထူးသဖြင့် သင့်ကိုယ်ပိုင် စံနှုန်းများ နှင့် ယုံကြည်ချက်များဖြင့် ဆန့်ကျင်သည့် စံနှုန်းများ နှင့် ယုံကြည်ချက်များဖြစ်ပါက၊ မိမိအတွက် အခက်အခဲဖြစ်စေနိုင်ပါသည်။ ဩစတြေးလျားတွင် ဘေးကင်းလုံခြုံ၍ သာတူညီမျှရှိသော လူ့ဘောင်တစ်ခုကို ထားရှိပံ့ပိုးပေးသည့် လောကီအခြေပြု တရားဥပဒေစနစ်ရှိနေသည်ကို မှတ်သားထားရန် အရေးကြီးပါသည်။ ဤလူ့ဘောင်သည် လူများမှ မိမိတို့၏ ပုဂ္ဂိုလ်ရေးပိုင်း အရေးယူဆောင်ရွက်မှုများ နှင့် အပြုအမူများအတွက် တာဝန်ရှိကြစေရန် မျှော်မှန်းပါသည်။

## လုပ်ကိုင်ရန်ကိစ္စ

ဩစတြေးလျားတွင်ရှိသော ဥပဒေများသည် သင့် နိုင်ငံ သို့မဟုတ် သင်နေထိုင်ခဲ့ဘူးသည့်နိုင်ငံများတွင်ရှိသော ဥပဒေများနှင့် ကွာခြားနိုင်ဖွယ်ရှိပါသည်။ ဩစတြေးလျားဥပဒေများနှင့် တူညီမှုရှိခြင်း သို့မဟုတ် ကွာခြားမှုရှိခြင်းကို ဖော်ပြရန် အောက်ပါဇယားပုံစံ၌ မှတ်သားပြပါ။ သင်၏ ယဉ်ကျေးမှု နှင့် ယုံကြည်ချက်တို့အား စိန်ခေါ်ပြီး အခက်အခဲပေါ်ပေါက်စေရာများကို မှတ်သားပြပါ။ ဤအလုပ်ကိစ္စနှင့်ပတ်သက်ပြီး ဩစတြေးလျားဥပဒေဆိုင်ရာ အချက်အလက် လက်ကမ်းစာစောင်က သင့်အား အထောက်အကူပြုပါလိမ့်မည်။

| တရားဥပဒေများ | အတူတူဖြစ်သည် | ကွာခြားသည် | ကျွန်ုပ်၏ ယဉ်ကျေးမှု နှင့် ယုံကြည်ချက်များအား စိန်ခေါ်ပြီး အခက်အခဲပေါ်ပေါက်စေသည် |
|---|---|---|---|
| အစိုးရ အရာရှိများအား ငွေပေးခြင်းဆိုင်ရာ ဥပဒေများ | | | |
| ရဲ၏ အပိုင်းကဏ္ဍဆိုင်ရာ ဥပဒေများ | | | |
| လောကီရေး ဥပဒေများ၊ ဘာသာရေးဥပဒေများမဟုတ်ပါ | | | |
| အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစု အကြမ်းဖက်မှုဆိုင်ရာ ဥပဒေများ နှင့် အကြမ်းဖက်မှုအား အပြစ်ဒဏ်ပေးခြင်းပုံစံတစ်ခုအဖြစ် အသုံးပြုခြင်း | | | |
| အများပြည်သူရှိရာနေရာများ၌ ဓားများ သို့မဟုတ် အခြားလက်နက်များကို သယ်ဆောင်ခြင်း | | | |
| အိမ်ထောင်ပြုခြင်းဆိုင်ရာ ဥပဒေများ | | | |
| သဘောတူညီချက်ပေးပိုင်ခွင့်ရှိသော အသက်အရွယ်နှင့် စပ်ဆိုင်ရာ ဥပဒေများ | | | |
| အရက် နှင့် ဆေးလိပ်သောက်ခြင်းနှင့် စပ်ဆိုင်ရာ ဥပဒေများ | | | |
| မူးယစ်ဆေးဝါးနှင့် စပ်ဆိုင်ရာ ဥပဒေများ | | | |
| အမျိုးသမီးများ ညီတူမျှတူ ရပိုင်ခွင့်များနှင့် စပ်ဆိုင်ရာ ဥပဒေများ | | | |
| ကားမောင်းခြင်းနှင့် စပ်ဆိုင်ရာ ဥပဒေများ | | | |

**သင် ဩစတြေးလျား၌ ရောက်ရှိလာသောအခါတွင် မည်သည့်အကြောင်းအရာများအား ပိုပြီး သိလိုသည်ကို မှတ်သားထားပါ။ ဥပမာ**

- အရေးပေါ်အခြေအနေတစ်ခုတွင် သွားရမည့် အနီးဆုံး ရဲစခန်း နှင့် ဖုန်းဆက်ရမည့် နံပါတ်
- ဥပဒေများ နှင့် ကားမောင်းခြင်းတို့ဖြင့် စပ်ဆိုင်ရာ နောက်ထပ်သိကောင်းစရာ အချက်အလက်များ
- ကလေးများအား ဩစတြေးလျား တရားဥပဒေဘောင်အတွင်းမှ မည်ကဲ့သို့ စည်းကမ်းပေးရမည့်အကြောင်းနှင့် သက်ဆိုင်ရာ နောက်ထပ်သိကောင်းစရာ အချက်အလက်များ

## အခြေချခြင်းဖြင့် သက်ဆိုင်ရာ ဘ၀ဇာတ်လမ်းများ

ဩစတြေးလျားသည် လွန်ခဲ့သော ဆယ်ရာစုအလယ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ကတည်းက ဒုက္ခသည်များကို အခြေချပေးနေခဲ့ပါသည်။ ဤဒုက္ခသည်များသည် ဩစတြေးလျားပြည်သူပြည်သားများအားလုံး၏ လူမှုရေး၊ ယဉ်ကျေးမှု နှင့် စီးပွားရေး ဘ၀တို့တွင် အရေးကြီးသော အထောက်အကူပြု ပံ့ပိုးပေးမှုများကို ဆောင်ရွက်လုပ်ကိုင်ခဲ့ကြပါသည်။ ဤအခြေချသူတစ်ဦးစီ၌ သူတို့ပြောပြနိုင်သည့် သူတို့၏ ဘ၀ဇာတ်လမ်းများရှိပါသည်။

## လုပ်ကိုင်ရန်ကိစ္စ

သင့် "ဩစကို" သင်တန်းဆရာက သင့်အား ထုတ်ပေးသည့် ဘ၀ဇာတ်လမ်းကို ဖတ်ပြီး၊ ၎င်းတွင်ပါရှိသူတို့၏ ဘ၀ခရီးလမ်းကြောင်းကို သင့်အတန်းသူအတန်းသားများနှင့် ဆွေးနွေးပါ။

သူတို့ မည်သည့်အခက်အခဲများကို ရင်ဆိုင်ခဲ့ကြရသလဲ။

ဤအခက်အခဲများအား ကျော်လွှားရေးကို အထောက်အကူပြုရန် သူတို့ ဘာလုပ်ခဲ့ကြရသလဲ။

အခြေချ အဖြစ်အပျက်တွင်ပါသူနှင့် သင်တို့အကြား မည်သည့် အရာများက အတူတူပင်ဖြစ်သလဲ။

သင်၏ အခြေချ ဘ၀ဇာတ်လမ်းက မည်သို့ဖြစ်လိမ့်မည်ဟု ထင်သလဲ။

## အောင်မြင်မှု မှတ်တမ်း

အောက်ပါအချက်တစ်ခုစီနှင့် ပတ်သက်ပြီး သင် မိမိအပေါ်မိမိ မည်မျှ စိတ်ချယုံကြည်စိတ်ရှိသလဲ

- အကယ်၍ သင့်ထံ၌ မိမိအပေါ်မိမိ စိတ်ချယုံကြည်စိတ် အလွန်ရှိပါက၊ ကွက်လပ်ထဲတွင် ကြက်ခြေခတ် ☒ ကို မှတ်သားပြပါ
- အကယ်၍ သင်အချို့အဝက်ကို နားလည်သော်လည်း၊ နောက်ထပ်အချက်အလက်များ လိုနေသေးသည်ဟုထင်ပါက၊ ကွက်လပ်ထဲတွင် မျဉ်းစောင်း ⧄ ကို မှတ်သားပြပါ
- အကယ်၍ သင် အနည်းငယ်မျှသာသိလျှင်၊ သို့မဟုတ် ဘာမျှမသိလျှင်၊ ကွက်လပ်ကို မဖြည့်ဘဲ ချန်လှပ်ထားပါ

ကွက်လပ်တိုင်းကို သင် ဖြည့်စွက်ရန်မလိုပါ။ "ဩစကို" သည် မိတ်ဆက် သင်တန်းအစီအစဉ်တစ်ခုသာဖြစ်သောကြောင့် သင် ဩစတြေးလျား၌ နေထိုင်ပြီးနောက် ရရှိလာလိမ့်မည့် အတွေ့အကြုံများအရလည်းကောင်း၊ အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ နောက်ထပ်အစီအစဉ်များကို ဩစတြေးလျား၌ တက်ရောက်ခြင်းအားဖြင့်လည်းကောင်း၊ ဤလေ့လာသင်ကြားမှု၏ နောက်ဆက်တွဲရလဒ်များအား သင်ရရှိလာပါလိမ့်မည်။

## ဩစတြေးလျားအပေါ် ခြုံငုံသုံးသပ်ချက်

| သင် | သင် | သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား |
|---|---|---|
| ☐ အင်္ဂလိပ်စာကို ဩစတြေးလျား၏ အမျိုးသား ဘာသာစကားအဖြစ် လက်ခံအသိအမှတ်ပြုပါသလား။<br>☐ ဩစတြေးလျားအား ကွဲပြားခြားနားသော ရာသီဥတုအပိုင်းအခြားများရှိသည့် တိုက်တစ်ခုအဖြစ် လက်ခံအသိအမှတ်ပြုပါသလား။<br>☐ ဩစတြေးလျားတွင် ယဉ်ကျေးမှုပေါင်းစုံ လူ့အသိုင်းအဝိုင်းရှိပြီ၊ ပြောင်းရွှေ့လာသည့် လူဦးရေ အမြောက်အမြားရှိခြင်းကို နားလည်ပါသလား<br>☐ ဩစတြေးလျားနိုင်ငံ ပါလီမန်၏ ဒီမိုကရေစီစနစ်အား ကျောထောက်နောက်ခံပြုသည့် စံတန်ဖိုးများကို သိပါသလား<br>☐ အဘော်ရီဂျီနယ်လ် နှင့် တောရဲ့စ် ရေလက်ကြား ကျွန်းသားများ သည် ဩစတြေးလျား၌ အကြမ်းဖျဉ်းအားဖြင့် နှစ်ပေါင်း 50,000 ကြာအတွက် နေထိုင်ခဲ့ကြခြင်းကို နားလည်ပါသလား | ☐ ဩစတြေးလျား လူနေမှုဘဝအကြောင်းဆိုင်ရာ အထွေထွေဗဟုသုတ မေးခွန်းများကို မေးနိုင်ပါသလား<br>☐ မြို့တော်များအပါအဝင် ဩစတြေးလျား၏ ပြည်နယ်များ၊ နယ်မြေများကို ဖော်ထုတ်နိုင်ပါသလား<br>☐ ဩစတြေးလျား၏ သမိုင်းဝင် အခြေချမှု အဆင့်ဆင့်ကို ဖော်ပြနိုင်ပါသလား<br>☐ ဩစတြေးလျားတွင် သင် တွေ့နိုင်ဖွယ်ရှိရာ အချို့အပြုအမူကွဲများကို အမည်ဖော်ပြနိုင်ပါသလား<br>☐ ဒီမိုကရေစီစနစ်အရ သင့်ထံ၌ရှိသော ရပိုင်ခွင့်များ နှင့် တာဝန်များကို ရှင်းပြနိုင်ပြီး၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်သည် မည်ကဲ့သို့ အလုပ်လုပ်ပုံကို ရှင်းပြနိုင်ပါသလား<br>☐ ဩစတြေးလျားတွင်ရှိသော အဓိက နိုင်ငံရေးအဖွဲ့အစည်းများ၏ အမည်များကိုဖော်ပြနိုင်ပါသလား<br>☐ ဩစတြေးလျား၏ အဓိက အစိုးရရုံးပိတ်ရက်များကို အမည်ဖော်ပြပြီး ၎င်းတို့အား ဘာကြောင့် ကျင်းပရသည်ကို ရှင်းပြနိုင်ပါမလား | ☐ နိုင်ငံသားဖြစ်ရန် အစမ်းစာမေးပွဲကို ဖြေဆိုခြင်း<br>☐ မဲဆန္ဒပေးရန် စာရင်းသွင်းခြင်း<br>☐ နိုင်ငံရေးအဖွဲ့အစည်းများ၏ သိကောင်းစရာအချက်အလက်များ နှင့် ၎င်းတို့၏ မူဝါဒလမ်းစဉ်များကို ရယူခြင်း |

## အခြေချပေးရေးဆိုင်ရာ ဝန်ဆောင်မှုများ

| သင် | သင် | သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား |
|---|---|---|
| ☐ အခြေချခြင်းသည် ရေရှည်ကာလ လုပ်သွားရလိမ့်မည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို သိနားလည်ပါသလား<br>☐ အခြေချခြင်း၏ ပဏာမအဆင့်များ ဆောင်ရွက်ရာ၌ အခက်အခဲရှိမည်ကို လက်ခံအသိအမှတ်ပြုပါသလား<br>☐ လိုအပ်သည့်အခါ၌ အကူအညီတောင်းရန် အရေးကြီးခြင်းကို လက်ခံအသိအမှတ်ပြုပါသလား<br>☐ အခြေကျမှုဆိုင်ရာ အကူအညီရရေးအတွက် အစိုးရ နှင့် လူမှုအသိုင်းအဝိုင်း ဝန်ဆောင်မှုအဖွဲ့အစည်းများရှိသည်ကို သိနားလည်ပါသလား<br>☐ သင့်အတွက် အမှုတွဲလုပ်သားတစ်ဦး စီစဉ်သတ်မှတ်ပေးမည်ကို သိနားလည်ပါသလား<br>☐ ဩစတြေးလျား၌ ရောက်လာပြီးနောက် အရေးကြီးသော အလုပ်တာဝန်များ အချို့အား သင် မလုပ်မနေ လုပ်ရမည်ကို သိနားလည်ပါသလား | ☐ ဩစတြေးလျား၌ ရောက်လာပြီးနောက် အစပိုင်း ရက်သတ္တပတ်များအတွင်း သင် မလုပ်မနေ ပြီးဆုံးအောင်လုပ်ရမည့် အလုပ်တာဝန်များကို ဖော်ထုတ်နိုင်ပါသလား<br>☐ အမှုတွဲလုပ်သားများ နှင့် အဆိုပြုသူများ၏ အပိုင်းကဏ္ဍများကို ဖော်ပြနိုင်ပါသလား<br>☐ အခြေကျရေးအတွက် ကူညီနိုင်မည့် အစိုးရ နှင့် လူမှုအသိုင်းအဝိုင်း ဝန်ဆောင်မှုအဖွဲ့အစည်းများကို ဖော်ထုတ်နိုင်ပါသလား<br>☐ ဒေသခံ လူမှုအသိုင်းအဝိုင်း၌ ရနိုင်ဖွယ်ရာ အခြားသော အခြေခံဝန်ဆောင်မှုများ ဥပမာ၊ အားကစားအသင်းအဖွဲ့များ လူမှုရေးအသင်းအဖွဲ့များကို ဖော်ထုတ်နိုင်ပါသလား | ☐ ဘာသာပြန် နှင့် စကားပြန် ဝန်ဆောင်မှုများကို ရယူခြင်း<br>☐ တရားဝင် ပုံစံများ၌ အခြေခံအချက်အလက်များကို ဖြည့်စွက်ခြင်း<br>☐ အများပြည်သူ သယ်ယူပို့ဆောင်ရေးကို အသုံးပြုခြင်း<br>☐ ဘဏ်စာရင်းဖွင့်ခြင်း<br>☐ စင်တာလင့်ခ် ၌ မှတ်ပုံတင် စာရင်းသွင်းခြင်း<br>☐ မယ်ဒီကဲ ၌ မှတ်ပုံတင် စာရင်းသွင်းခြင်း<br>☐ အင်္ဂလိပ်စာသင်တန်းအစီအစဉ်၌ အမည်စာရင်းသွင်းခြင်း |

## အိုးအိမ်

| သင် | သင် | သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား |
|---|---|---|
| ☐ ဩစတြေးလျား၌ ကျယ်ပြော၍ အမျိုးစုံလင်သော အိမ်ရာ ရှိခြင်းကို သိနားလည်ပါသလား<br>☐ နေအိမ်အတွက် အိမ်လခပေးရမည်ပြီး၊ ဩစတြေးလျား၏ နေရာဒေသအမျိုးမျိုး၌ အိမ်လခ အမျိုးမျိုးရှိသည်ကို သိနားလည်ပါသလား<br>☐ သင် ဩစတြေးလျား၌ ပထမအခြေချသည့်အခါတွင် သင် ငွေတတ်နိုင်မည့် အိမ်အမျိုးအစား၏ အဆင့်အတန်းကို သိနားလည်ပါသလား<br>☐ ငှားရမ်းမည့်အိမ်၏ သေသပ်မှု နှင့် သန့်ရှင်းမှုကို ထိန်းသိမ်းရန်မှာ သင့်တာဝန်ဖြစ်ကြောင်းကို သိနားလည်ပါသလား<br>☐ ဩစတြေးလျားတွင် သင်၏ ပထမနေအိမ်သည် ယာယီအတွက်သာဖြစ်ပြီး၊ သင့်အမှုတွဲလုပ်သားက စီစဉ်ပေးလိမ့်မည်ကို သိနားလည်ပါသလား<br>☐ လူလွတ်များသည် ဩစတြေးလျားတွင် အခြားသူများနှင့်အတူ ပူးပေါင်းနေထိုင်ရဖွယ်ရှိမည်ကို သိနားလည်ပါသလား | ☐ အိမ်ငှားရမ်းသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်ရာ အဓိက ဝေါဟာရများကို သုံးနိုင်ပါသလား<br>☐ မလုပ်မဖြစ် ချိတ်ဆက်ရမှာဖြစ်ပြီး ကျသင့်ငွေကိုပေးရန် သင့်၌ တာဝန်ရှိသော အိမ်မှုဆိုင်ရာ အသုံးဝန်ဆောင်လုပ်ငန်းများ၏ အမည်များကို ဖော်ပြနိုင်ပါသလား<br>☐ ငှားရမ်းနိုင်ရာ နေအိမ်များကို ကြော်ငြာသော နေရာများ၏ အမည်များကို ဖော်ပြနိုင်ပါသလား<br>☐ အိမ်ငှားတစ်ဦးအဖြစ် သင့် ရပိုင်ခွင့်များ နှင့် တာဝန်များကို စာရင်းဖော်ပြနိုင်ပါသလား<br>☐ အိမ်ရှင်၏ ရပိုင်ခွင့်များ နှင့် တာဝန်များကို စာရင်းဖော်ပြနိုင်ပါသလား | ☐ သင့်လျော်ရာနေအိမ်ကို လိုက်စစ်ပြီး ရှာဖွေ ဖော်ထုတ်ခြင်း<br>☐ အိမ်ငှားပုံစံများတွင် အရေးကြီးသော အချက်အလက်များကို ဖြည့်စွက်ခြင်း<br>☐ အိမ်မှုဆိုင်ရာ အသုံးဝန်ဆောင်လုပ်ငန်းများကို ချိတ်ဆက်ရယူခြင်း |

## ကျန်းမာရေး

| သင် | သင် | သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား |
|---|---|---|
| ☐ ဩစတြေးလျားသို့ မထွက်မီ နှင့် ရောက်လာပြီးနောက် ကျန်းမာရေးဆေးစစ်မှု မလုပ်မနေရ လုပ်ရမည်ကို သိနားပါလည်သလား<br>☐ သင့်ကလေးများ ကာကွယ်ဆေးထိုးခံယူရန် လေးနက်စွာ တိုက်တွန်းခြင်းကို သိနားလည်ပါသလား<br>☐ ကလေးများ နေ့ကလေးထိန်းကျောင်း သို့မဟုတ် ကျောင်း စတက်သည့်အခါ၌ အချို့ကျောင်းများမှ ကလေး၏ ကာကွယ်ဆေးထိုးမှတ်တမ်းအား လိုအပ်သည်ကို သိပါသလား<br>☐ မယ်ဒီကဲ ဟုခေါ်သည့်စနစ်အရ၊ အခမဲ့ သို့မဟုတ် ထောက်ပံ့ကြေး အချို့အဝက်ရသည့် အခြေခံကျန်းမာရေးစောင့်ရှောက်ပေးမှုရှိခြင်းကို သိနားလည်ပါသလား<br>☐ ကျန်းမာရေး ဝန်ဆောင်မှုများ အားလုံးအတွက် အခမဲ့ ဆောင်ရွက်မပေးခြင်းကို သိနားလည်ပါသလား၊ ဥပမာ သွားကုသမှု နှင့် မျက်စိကုသမှု<br>☐ ကျန်းမာရေးတွင် စိတ်ကျန်းမာရေးလည်း ပါဝင်ပြီး သင့်အား ထောက်ပံ့ရန်အတွက် အခမဲ့ ဆွေးနွေးလမ်းညွှန်ပေးသည့် ဝန်ဆောင်မှုရှိသည်ကို သိနားလည်ပါသလား<br>☐ ဆေးကုသမှုဆိုင်ရာ စာရွက်စာတမ်းများကို သင်နှင့်အတူ ဩစတြေးလျားသို့ ယူဆောင်လာရမည်ကို သိပါသလား | ☐ ဩစတြေးလျား၌ ပြန်လည်နေရာချထားရေးဆိုင်ရာ ကျန်းမာရေး ဆေးစစ်မှုအတွက် ဘယ်သို့သွားရမည်ကို ရှင်းပြနိုင်ပါသလား<br>☐ မယ်ဒီကဲ သည် မည်သည့်အရာများအတွက် စရိတ်ကုန်ကျခံပေးခြင်း ရှိ၊ မရှိကို ရှင်းပြနိုင်ပါသလား<br>☐ ပုဂ္ဂလိက ကျန်မာရေးအာမခံ၏ အပိုင်းကဏ္ဍအပါအဝင်၊ အစိုးရ နှင့် ပုဂ္ဂလိက ကျန်မာရေးပိုင်း ဝန်ဆောင်မှုများအကြားရှိရာ ကွာခြားချက်များကို ဖော်ပြနိုင်ပါသလား<br>☐ မည်သည့်အခါ၌ နှင့် မည်ကဲ့သို့ ရယူနိုင်မည်လဲ အပါအဝင်၊ ကွဲပြားခြားနားသည့် ကျန်မာရေးပိုင်း ဝန်ဆောင်မှုများကို အကြမ်းဖျဉ်း ဖော်ပြနိုင်ပါသလား<br>☐ ကာကွယ်ဆေးထိုးခြင်း အပါအဝင်၊ ကျန်းမာရေးပိုင်းဆိုင်ရာ ကြိုတင်ဟန့်တားမှု နည်းလမ်းများ၏ တန်ဖိုးကို ရှင်းပြနိုင်ပါသလား<br>☐ အခြေချမည့်အရပ်ဒေသ၌ ရရှိနိုင်မည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ နှင့် ဆွေးနွေးလမ်းညွှန်ပေးရာ ဝန်ဆောင်မှုများကို ဖော်ထုတ်နိုင်ပါသလား | ☐ ဩစတြေးလျားသို့ ဆိုက်ရောက်လာပြီးနောက် သင်၏ ကျန်းမာရေးဆိုင်ရာ ဆေးစစ်မှု လိုအပ်ချက်များကို ပြီးစီးအောင် လုပ်ခြင်း<br>☐ မယ်ဒီကဲ ၌ မှတ်ပုံတင် စာရင်းသွင်းခြင်း<br>☐ သင် နှင့် သင့်မိသားစု၏ ကျန်းမာရေးနှင့် သုခအတွက် ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူခြင်း<br>☐ လိုအပ်မှုရှိခဲ့ပါက အရေးပေါ် ဝန်ဆောင်မှု အဖွဲ့အစည်းများအား ဖုန်းဆက်ခြင်း<br>☐ မိမိ၏ လိုအပ်ချက်များအတွက် သင့်လျော်ရာ ကျန်းမာရေး ဝန်ဆောင်မှုများကို ရယူခြင်း<br>☐ မိမိ၏ ကျန်းမာရေး လိုအပ်ချက်များကို သင်ကိုယ်တိုင် သို့မဟုတ် စကားပြန်မှတဆင့် တင်ပြပြောဆိုခြင်း |

## ပညာရေး

| သင် | သင် | သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား |
|---|---|---|
| ☐ AMEP ၏ အပိုင်းကဏ္ဍကို သိပါသလား<br>☐ အဆင့်မြင့်ပညာရေး နှင့် အလုပ်အကိုင်ရရန်အတွက် အင်္ဂလိပ်စာသင်ကြားရန်လိုအပ်ခြင်း၏ အရေးကြီးမှုကို အလေးအမြတ်ထားပါသလား<br>☐ ပညာရေးစနစ်တွင် အစိုးရ နှင့် ပုဂ္ဂလိက အပိုင်းအခြားနှစ်ခုရှိသည်ကို သိနားလည်ပါသလား<br>☐ အစိုးရ နှင့် ပုဂ္ဂလိက ကျောင်းများအကြားရှိသော ခြားနားချက်ကို သိနားလည်ပါသလား<br>☐ အစိုးရ ပညာရေးသည် အခမဲ့ဖြစ်ခြင်းကို သိနားလည်ပါသလား<br>☐ မိမိတို့ကလေးများ ပညာသင်ကြားရေးနှင့်စပ်ဆိုင်ရာ မိဘများ၏တာဝန်များကို သိနားလည်ပါသလား<br>☐ တက္ကသိုလ် နှင့် နောက်ထပ်ရှေ့ဆက်ပညာသင်ကြားရေးဆိုင်ရာ လမ်းကြောင်းများရှိသည်ကို သိနားလည်ပါသလား<br>☐ သင်၏ အရည်အချင်းဆိုင်ရာ စာရွက်စာတမ်းများကို အင်္ဂလိပ်ဘာသာစကားသို့ အခမဲ့ ဘာသာပြန်ခိုင်းနိုင်သည်ကို သိပါသလား | ☐ ပညာရေးပိုင်းဆိုင်ရာ အသုံးအနှုန်းများနှင့် ပတ်သက်သည့် ဝေါဟာရများကို သုံးနိုင်ပါသလား<br>☐ ဩစတြေးလျား ပညာရေးစနစ်ကို သင့်ကိုယ်ပိုင်အတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ ကွာခြားချက်များအား ချိန်ထိုးကြည့်နိုင်ပါသလား<br>☐ ကလေးများအား ကျောင်းထားခြင်းနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်များချနိုင်ပါသလား<br>☐ တက္ကသိုလ် နှင့် နောက်ထပ်ရှေ့ ဆက်ပညာသင်ကြားရန် ဖြစ်နိုင်ခြေရှိရာ လမ်းကြောင်းများကို ဖော်ထုတ်နိုင်ပါသလား<br>☐ ပညာသင်လိုကြသူများအတွက် ရရှိနိုင်သည့် အထောက်အပံ့ဝန်ဆောင်မှုများကို ဖော်ထုတ်ပြနိုင်ပါသလား | ☐ TIS အကူအညီဖြင့် မိဘ၊ ဆရာ တွေ့ဆုံမေးမြန်းပွဲများသို့ တက်ရောက်နိုင်ခြင်း<br>☐ သင့်လျော်ရာ တက္ကသိုလ်သင်တန်းအကြောင်းကို သုတေသနပြုပြီးနောက်၊ ရွေးချယ်၍ စာရင်းသွင်းနိုင်ခြင်း<br>☐ ကလေးများအား ဒေသခံကျောင်း၌ စာရင်းသွင်းပြီး လိုအပ်သည့် စာရွက်စာတမ်းများကို ပြီးပြည့်အောင် ဖြည့်စွက်ခြင်း<br>☐ ကျောင်းတက်ရန် ပျက်ကွက်ခြင်းများအတွက် မိဘများမှ ကျောင်းသို့စာရေးပြီး အတည်ပြုရန် လိုအပ်သည်က သိနားလည်ခြင်း<br>☐ ကျောင်းပိတ်ရက်များ ဘယ်တော့ဖြစ်သည်ကို သိနားလည်ပြီး ထိုရက်များအတောအတွင်း ကျောင်းသွားအရွယ်ကလေးများအား ကြည့်ရှုစောင့်ရှောက်ရန် အစီအစဉ်များအား လုပ်နိုင်စွမ်းရှိရမည်ကို သိနားလည်ခြင်း |

## တရားဥပဒေ

| သင် | သင် | သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား |
|---|---|---|
| ☐ ဩစတြေးလျား ဥပဒေအရ လူအားလုံး ညီတူမျှတူဖြစ်သည်ကို သိနားလည်ပါသလား<br>☐ ဩစတြေးလျား ဥပဒေအား ကျောထောက်နောက်ခံပြုသည့် လွတ်လပ်မှုများကို သိနားလည်ပါသလား<br>☐ ရဲအား ကြောက်ရွံ့ရန်မလိုဘဲ လေးစားရမည်ကို သိနားလည်ပါသလား<br>☐ အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစုအကြမ်းဖက်မှု နှင့် လိင်ပိုင်းအရ ကိုယ်ထိလက်ရောက် ကျူးလွန်မှု ပုံစံအားလုံးသည် တရားဥပဒေမဲ့ပြီး ဤဥပဒေများအား ခြွင်းချက်မရှိ အကျိုးသက်ရောက်မှုရှိစေသည်ကို သိနားလည်ပါသလား<br>☐ ရဲအရာရှိများအပါအဝင် ဩစတြေးလျား အစိုးရ အရာရှိများသည် တံစိုးလက်ဆောင်များ သို့မဟုတ် လာဘ်များအား လက်မခံနိုင်သည်ကို သိနားလည်ပါသလား<br>☐ ကိုယ်ပိုင်မော်တော်ယာဉ် ပိုင်ဆိုင်ခြင်း၊ ၎င်းအား အသုံးပြုခြင်း၊ ဖိုမ လက္ခဏာ၊ အရက်၊ ဆေးကြီး နှင့် အကြမ်းဖက်မှုတို့ဖြင့်ပတ်သက်သည့် ဥပဒေများအား လက်ခံအသိအမှတ်ပြုပါသလား<br>☐ ဩစတြေးလျားဥပဒေဖြင့် ကွဲလွဲမှုရှိနေလျှင်၊ ဘာသာရေးဥပဒေ၏ အကျိုးသက်ရောက်မှု မရှိစေနိုင်ခြင်းကို သိနားလည်ပါသလား | ☐ ဩစတြေးလျားတွင် တရားမဝင် ဖြစ်ဖွယ်ရှိရာ လုပ်ရပ်များကို ကြိုတင်သိရှိနိုင်ပါသလား<br>☐ ဥပဒေပိုင်းဆိုင်ရာ အထောက်အပံ့များကို လိုအပ်ခဲ့လျှင် သင် ဆက်သွယ်နိုင်သည့် အဖွဲ့အစည်းများအား ဖော်ထုတ်နိုင်ပါသလား<br>☐ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးအစားများ နှင့် ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းပေးရန် ဘာလုပ်နိုင်သည်ကို ဖော်ပြနိုင်ပါသလား | ☐ သင် ဒုက္ခရောက်နေလျှင် ရဲကို ဆက်သွယ်ခြင်း<br>☐ ဥပဒေပိုင်းဆိုင်ရာ အထောက်အပံ့များကို လိုအပ်ခဲ့လျှင် အဖွဲ့အစည်းများအား ဆက်သွယ်ခြင်း<br>☐ အိမ်တွင်း သို့မဟုတ် မိသားစုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို စီမံခန့်ခွဲရန် အကူအညီလိုအပ်လျှင်၊ အဖွဲ့အစည်းများအား ဆက်သွယ်ခြင်း |

## အလုပ်အကိုင်

| သင် | သင် | သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား |
|---|---|---|
| ☐ အလုပ်အကိုင်ဈေးကွက်တွင် ပြိုင်ဆိုင်မှုရှိသည်ကို သိနားလည်ပါသလား<br>☐ ပင်လယ်ရပ်ခြားမှ အရည်အချင်းများအား ဩစတြေးလျား၌ အသိအမှတ်ပြုနိုင်သည်ကို သိနားလည်ပါသလား<br>☐ အလုပ်အကိုင်ရရေးအတွက် အင်္ဂလိပ်စာ သင်ယူရန် အရေးကြီးခြင်းကို သိနားလည်ပါသလား<br>☐ သက်ဆိုင်ရာ အတွေ့အကြုံများ နှင့် အရည်အချင်းများ ရှိကြသူတို့အား အရည်အသွေးရှိခြင်းအပေါ် မူတည်ပြီး အလုပ်ခန့်ခြင်းကို အလေးအမြတ်ထားပါသလား<br>☐ ဩစတြေးလျား၌ အလုပ်သမားများ၏ ရပိုင်ခွင့်များ နှင့် တာဝန်ဝတ္တရားများကို သိနားလည်ပါသလား<br>☐ အလုပ်လျှောက်လွှာတင်ခြင်း နှင့် လူတွေ့မေးမြန်းခြင်း လုပ်ငန်းစဉ်ကို သိနားလည်ပါသလား<br>☐ သင်၏ အရည်အချင်းဆိုင်ရာ စာရွက်စာတမ်းများကို အင်္ဂလိပ်ဘာသာစကားသို့ အခမဲ့ ဘာသာပြန်ဆိုင်းနိုင်သည်ကို သိပါသလား | ☐ အလုပ်အကိုင်နှင့် ပတ်သက်သည့် အဓိကဝေါဟာရများကို သုံးနိုင်ပါသလား<br>☐ ဩစတြေးလျား၌ အလုပ်ရနိုင်သည့် အခွင့်အရေးအမျိုးမျိုးကို ဖော်ထုတ်သိရှိနိုင်ပါသလား<br>☐ အလုပ်အကိုင် ရှာဖွေတွေ့ရှိနိုင်ရာ နည်းလမ်းများကို ဖော်ပြနိုင်ပါသလား<br>☐ တွေ့ဆုံမေးမြန်းပွဲများအတွက် နှုတ်အားဖြင့် နှင့် နှုတ်အားဖြင့် မဟုတ်သော ဆက်ဆံပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးနိုင်ပါသလား | ☐ အလုပ်လျှောက်လွှာများ၌ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ပြည့်စုံအောင် ဖြည့်စွက်နိုင်ခြင်း<br>☐ ကိုယ်ရေးအကျဉ်း နှင့် စာမျက်နှာဖုံး တို့ကိုရေးခြင်း<br>☐ အလုပ်အကိုင် အခွင့်အရေးများကို အင်တာနက်မှတဆင့် သုတေသနပြုခြင်း<br>☐ ပင်လယ်ရပ်ခြား အရည်အချင်းများ အသိအမှတ်ပြုခံရရေးကို ကြိုးပမ်းအားထုတ်ခြင်း |

## ငွေကြေး

| သင် | သင် | သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား |
|---|---|---|
| ☐ အင်တာနက်မှတဆင့် လုပ်ကိုင်သည့် ဘဏ်လုပ်ငန်းသည် ဩစတြေးလျား၏ လုပ်နေကျ ဘဏ်အလုပ်တစ်ခုဖြစ်သည်ကို သိနားလည်ပါသလား<br>☐ ဩစတြေးလျား၌ နေထိုင်စရိတ် မြင့်မားခြင်းကို အလေးအမြတ်ထားပါသလား<br>☐ ဩစတြေးလျား လူမှုအသိုင်းအဝိုင်း၌ ကြွေးမြီ၏ အပိုင်းကဏ္ဍကို သိနားလည်ပြီး၊ အကြွေးတက်ခြင်းနှင့် စပ်လျဉ်းသည့် အန္တရာယ်၏ အလားအလာကို လက်ခံအသိအမှတ်ပြုပါသလား<br>☐ စင်တာလင့်ခ် ပေးငွေပုံစံအမျိုးမျိုး နှင့် ၎င်းတို့၏ ခန့်မှန်းခြေ ပမာဏကို သိနားလည်ပါသလား<br>☐ သာမန် ဩစတြေးလျား ဘဏ်အဖွဲ့အစည်းများ နှင့် ဘဏ်အစဉ်အလာများကို သိနားလည်ပါသလား | ☐ ဩစတြေးလျားနိုင်ငံသုံးငွေများအား ဖော်ထုတ်၍ ၎င်းတို့၏တန်ဖိုးကို သင့် လက်ရှိနိုင်ငံသုံးငွေများနှင့် နှိုင်းယှဉ်ပြီး သိနားလည်ပါသလား<br>☐ အိမ်သုံးစရိတ်ကို လျှော့နည်းအောင် လုပ်ကိုင်နိုင်ရာ နည်းလမ်းများအား ဖော်ထုတ်နိုင်ပါသလား<br>☐ ငွေကြေး နှင့် ဘဏ်လုပ်ငန်းဖြင့် ပတ်သက်သည့် အဓိက ဝေါဟာရများကို သုံးစွဲနိုင်ပါသလား | ☐ ငွေထုတ်ရန် နှင့် ဝယ်ခြမ်းရန် ATM နှင့် EFTPOS ဆိုင်ရာ ပစ္စည်းပစ္စယများကို အသုံးပြုခြင်း<br>☐ အခြေခံ အိမ်ထောင်စု ရငွေ၊ သုံးငွေကို တွက်ချက် လျာထားခြင်း |

## ခရီးသွားခြင်း

| သင် | သင် | သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား |
|---|---|---|
| ☐ ဩစတြေးလျားသို့ သွားရမည့် ခရီးမှာ အလွန်ဝေးလံပြီး၊ လမ်းခရီးတွင် ယာယီရပ်နားနိုင်ရဖွယ်ရှိမည်ကို သင် သိနားလည်ပါသလား<br>☐ လေယာဉ်ပေါ်၌ သင့်အား မည်သည့် ပစ္စည်းပစ္စယများ နှင့် ဝန်ဆောင်မှုများ ပေးမည်ကို သိနားလည်ပါသလား<br>☐ ဩစတြေးလျားတွင် ဆိုက်ရောက်လာသည့်အခါ၌ သင့်အား လေဆိပ်တွင် လာကြိုလိမ့်မည်ကို သိနားလည်ပါသလား<br>☐ ဩစတြေးလျားသို့ မည်သည့်အရာများကို မိမိနှင့်အတူ ယူဆောင်သွားခြင်း ပြု၊ မပြုနိုင်သည်ကို သိနားလည်ပါသလား | ☐ ခရီးသွား စာရွက်စာတမ်းများအပေါ်၌ရှိသည့် အချက်အလက်များကို နားလည်ပါသလား<br>☐ စီးမည့် လေယာဉ်၏ လေကြောင်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို ဖော်ပြနိုင်ပါသလား<br>☐ အမည်စာရင်းသွင်းရေး၊ လုံခြုံရေး နှင့် လူဝင်မှုကြီးကြပ်ရေး ကိစ္စများ အပါအဝင်ဖြစ်သော လေဆိပ်မှ ထွက်ခွာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖော်ပြနိုင်ပါသလား<br>☐ လူဝင်မှုကြီးကြပ်ရေး၊ ရောဂါကူးစက်မှုကို ထိန်းချုပ်ရေး နှင့် ဝန်စည်စလည်များအား ပြန်ယူရေးကိစ္စများ အပါအဝင်ဖြစ်သော လေဆိပ်၌ ဆိုက်ရောက်လာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖော်ပြနိုင်ပါသလား | ☐ ဩစတြေးလျားသို့ ဝင်ရောက်လာသည့် ခရီးသည် ကတ်ပြားကို ပြည့်စုံအောင် ဖြည့်စွက်ခြင်း<br>☐ လေဆိပ်/လေယာဉ် ကုမ္ပဏီ နှင့် ဩစတြေးလျား အကောက်ခွန်ဌာနတို့၏ စည်းကမ်းသတ်မှတ်ချက်များ၊ ရောဂါကူးစက်မှုကို ထိန်းချုပ်ရေးဌာန၏ လိုအပ်ချက်များနှင့် အညီ ဝန်စည်စလည်များအား ထုပ်ပိုးခြင်း |

မှတ်စုအပိုင်း

**နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် ကျေးဇူးပြု၍ AUSCO@dss.gov.au သို့ ဆက်သွယ်ပါ**

*ပြန်လည်ပြင်ဆင် ထုတ်ဝေချက် (ဧပြီလ ၂၀၁၈ ခုနှစ်)*